
# ငလျင်ပြိုလျှင် ဘာလုပ်မလဲ





## • ဘေးအန္တရာယ်မကျရောက်မီ

- မြေပြိုနိုင်သောနေရာများတွင် အဆောက်အဦဆောက်လုပ်ခြင်း မပြုရန်၊
- တောင်ကုန်းတောင်စောင်းများတွင် နေထိုင်ပါက မြေထိန်းနံရံများ တည်ဆောက်ရန်၊
- မိသားစုဘေးကင်းရာသို့ ပြောင်းရွှေ့ရေးအစီအစဉ်ကို ပြန်လည်ဆန်းစစ်ရန်၊
- လိုအပ်ပါက အိမ်ပတ်ဝန်းကျင်ဆင်ခြေလျှောများတွင် သစ်ပင်များစိုက်ပျိုးရန်၊
- ဘေးကင်းရာသို့ ပြောင်းရွှေ့ရန်လိုအပ်ပါက မိသားစုများတွေ့ဆုံရမည့်နေရာကို ကြိုတင်သတ်မှတ်ထားရန်၊
- မြေပြိုတတ်သောနေရာတွင် နေထိုင်သူဖြစ်ပါက မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းနေလျှင် ကြိုတင်နေရာသို့ပြောင်းရွှေ့ထားရန်၊
- မိမိနေအိမ်အနီးဝန်းကျင်တွင် မြေသားပြောင်းလဲမှုဖြစ်လာခြင်း၊ တံခါးများရုတ်တရက်အနေအထားပြောင်းလဲလာခြင်း၊ နေအိမ်များယိုင်လာခြင်း၊ နံရံများအက်ကွဲလာခြင်းစသည်တို့သည် မြေပြိုနိုင်သော ရှေ့ပြေးလက္ခဏာများဖြစ်သည်၊







## • မိမိနေအိမ်ဝန်းကျင်မြေပြိုခြင်း(သို့)ပြိုမည့်လက္ခဏာများတွေ့ရပါက

- မိသားစုဝင်အားလုံးကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးရန်၊
- ပစ္စည်းများကိုလုံခြုံအောင်ထားရန်နှင့် လိုအပ်ပါက နေရာပြောင်းရွှေ့ပေးရန်၊
- အိမ်ကိုလုံခြုံစွာ ပိတ်ထားခဲ့ရန်၊







## • ဘေးအန္တရာယ်ကျရောက်ပြီးနောက်

- ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သော အကူအညီများပေးရန်၊
- သင့်မိသားစုဝင်များကို အဆက်အသွယ်ပြုလုပ်ရန်၊
- အိမ်၏ပျက်စီးမှုများကို စစ်ဆေးရန်၊
- အိမ်အတွင်းပိုင်းနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ကင်းသည့်အချိန်တွင် သန့်ရှင်းရေးပြုလုပ်ရန်၊
- နေအိမ်အနေအထားများခိုင်မာမှုကို အင်ဂျင်နီယာ (သို့)ဒေသခံ လက်သမား၊ ပန်းရံစသော ကျွမ်းကျင်သူများနှင့် စစ်ဆေးရန်၊

**မြေပြို** နိုင်သောနေရာများတွင် အဆောက်အဦဆောက်လုပ်ခြင်းမပြုရန်၊ လိုအပ်ပါက မြေထိန်းနံရံများတည်ဆောက်ရန်နှင့် မြေပြိုတတ်သောနေရာတွင်နေထိုင်သူဖြစ်ပါက မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းနေလျှင် ကြိုတင်နေရာပြောင်းရွှေ့ထားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ပူးပေါင်း၍ထုတ်ဝေသည်။